Australian Government

COVID-19 VACCINATION

# ကလေးများအား COVID-19 ကာကွယ်ဆေးများအကြောင်း ပြောဆိုပုံ

နောက်ဆုံးအကြိမ်တည်းဖြတ်ရက်- 2022 ခုနှစ် ဩဂုတ်လ 8 ရက်

ကာကွယ်ဆေးထိုးခြင်းကို ကိုယ်ခံအား အလွန်အမင်း နိမ့်ချခံရသည့် သို့မဟုတ် မသန်စွမ်းမှုရှိသည့် အသက် 6 လမှ 4 နှစ်အရွယ် ကလေးအချို့နှင့် ပြင်းထန်သော COVID-19 အန္တရာယ်များသည့် ရှုပ်ထွေးသော နှင့်/သို့မဟုတ် ရောဂါမျိုးစုံရှိသောသူများအားလည်း ကာကွယ်ဆေးထိုးရန် အကြံပြုပါသည်။ COVID-19 ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်ပြီး သင့်ကလေး သိချင်စိတ်များ၍ မေးခွန်းအများအပြား မေးခြင်းမှာ ပုံမှန်ဖြစ်ပါသည်။ ကလေးများ ကာကွယ်ဆေး မထိုးမီနှင့် ထိုးပြီးနောက် ၎င်းတို့အား စကားပြောဆိုသည့်အခါ သင့်အတွက် အသုံးဝင်နိုင်သည့် အကြံဉာဏ်အချို့ဤတွင်ရှိသည်။

**Department of Health and Aged Care ဝက်ဘ်ဆိုက်တွင်** ရရှိနိုင်သော နောက်ဆုံးထုတ် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်ကို သိရှိနေစေရန် အရေးကြီးပါသည်။

COVID-19 ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်သည့် သင့်တွင်ရှိသော စိုးရိမ်ပူပန်မှု သို့မဟုတ် မေးခွန်းတစ်စုံတစ်ရာကိုလည်း သင်၏ ကာကွယ်ဆေးထိုးဌာန နှင့်/သို့မဟုတ် အထွေထွေ ရောဂါကုဆရာဝန်နှင့် ကာကွယ်ဆေးမထိုးမီ ဆွေးနွေးနိုင်သည်။

ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်သည့် ကလေးများ သိရှိသည့်အကြောင်းအချက်နှင့် ကြောက်ရွံ့မှုကို နားထောင်ပေးရန် အရေးကြီးပါသည်။

- COVID-19 ကာကွယ်ဆေးအကြောင်း အခု သိသလောက် ပြောပြပါ။
- ယခင်က ကာကွယ်ဆေးထိုးဘူးသလား။

သင့် ကလေးအနေဖြင့် ယခင်က ကာကွယ်ဆေးထိုးခဲ့နိုင်ပြီး အလွန်ဆိုးဝါးမှု မဖြစ်နိုင်ခဲ့ပါ။

COVID-19 ကာကွယ်ဆေးအကြောင်း သင် သိသမျှကို ရိုးရိုးသားသားနှင့် ကလေးအသက်အရွယ်နှင့် သင့်တော်သည့် နည်းလမ်းဖြင့် ရှင်းပြပါ။

ကလေးများသည် လူကြီးများထံမှ စိတ်ခံစားမှုဖြစ်ပေါ်သည့် လက္ခဏာများကို အတုယူတတ်သည် ထို့ကြောင့် အကြောက်လွန်ခြင်း ပြသမှုမှာ မသင့်တော်နိုင်သည့်အပြင် သင့်ကလေးအဖို့ မသက်သောင့် မသက်သာ ခံစားရနိုင်သည်။

ဆရာဝန် သို့မဟုတ် ဆေးဘက်အတတ်ပညာရှင်က သင့်ကလေးကို မေးခွန်းအချို့မေးမည်ကို ရှင်းပြပါ၊ သင့်ကလေးအနေဖြင့် လက်မောင်း (သို့မဟုတ် အသက် 6 လမှ 5 နှစ်အရွယ်ဖြစ်လျှင် ခြေထောက်) တွင် ဆေးထိုးအပ်ထိုးခံရမည်ဖြစ်ပြီး အနည်းငယ် စူးရှခံစားရမည်အပြင် နောက်ပိုင်း၌ အပ်ထိုးသွင်းရာနေရာတွင် အနည်းငယ်နာကျင်နေနိုင်သည်ကို ရှင်းပြပါ။ ဆေးထိုးအပ်ထိုးသွင်းရာနေရာတွင် အနည်းငယ်နာနေသည်မှာ ပုံမှန်ဖြစ်ကြောင်းနှင့် ဆေးမှာ ပုံမှန်လုပ်ကိုင်နေကြောင်း သင့်ကလေးကို ပြောပြပြီး အားပေးထားပါ။

သင့်ကလေး ကာကွယ်ဆေးထိုးရမည်ကို ကြောက်နေလျှင် သူတို့၏ ကြောက်ရွံ့စိတ်ကို နောက်ထပ် စုံစမ်းပါ သို့မဟုတ် လိုအပ်လျှင် သင့် ဆရာဝန်ထံမှ နောက်ထပ် အကြံဉာဏ် တောင်းခံပါ။

## သင့် ကလေး၏ မေးခွန်းများကို ဖြေဆိုပါ

သင့်ကလေး မေးနိုင်သော မေးခွန်းများအတွက် ကလေးနှင့်လိုက်ဖက်မည့် အဖြေကို ဖြေပေးရန် အဆင်သင့်လုပ်ထားပါ။ ဤသို့စကားပြောဆိုရာ၌ အထောက်အကူပြုနိုင်မည့် အဓိကမေးခွန်းများနှင့် အဖြေများရှိပါသည်။

ဖြစ်ရပ်မှန် နမူနာများကို အသုံးပြုပါ၊ ဥပမာ ကလေး၏ အဖိုးအဖွားများကို ကာကွယ်ပေးခြင်း၊ ကျောင်းတက်ခြင်းနှင့် အထောက်အကူပြုမည်ဟု ယူဆလျှင် အသင်းလိုက် အားကစားလုပ်ခြင်းတို့ဖြစ်ကြသည်။

သြစတြေးလျနိုင်ငံတွင် ဆေးဝါး အားလုံးမှာ ဘေးကင်းကြောင်း အေဂျင်စီတစ်ခုက အသေအချာ စစ်ဆေးပါသည်။ အကယ်၍ ၎င်းဆေးဝါးများမှာ ဘေးမကင်းလျှင် လူများအားး သုံးစွဲစေမည် မဟုတ်ပါ။

အကယ်၍ သင့်ကလေးသည် ဆေးထိုးအပ်ကို ကြောက်ရွံ့လျှင် ထိရောက်သော ကြိုတင်ပြင်ဆင်မှုနှင့် စိတ်အာရုံပြောင်းလဲပေးသည့် နည်းများမှာ အရေးကြီးပါသည်။

ကလေး အသက် ၅ နှစ်နှင့်အထက်အရွယ်တို့အတွက် ဆေးခန်းငယ်ငယ်နှင့် သွားနေကျယဉ်ပါးနေသည့် ဆေးခန်းကို သွားရောက်ခြင်းမှာ အထောက်အကူပြုနိုင်သည်၊ ဥပမာ ဒေသတွင်း ဆေးဆိုင် သို့မဟုတ် အထွေထွေ ဆေးကုခန်းတို့ဖြစ်ကြသည်။ ကြီးမားသော ကာကွယ်ဆေးထိုးနေရာများမှာ ဆူညံပြီး လူများပြားကာ စိတ်သောက ပိုရောက်နိုင်သည်။

ကောင်းမွန်သော အတွေ့အကြုံနှင့် စိတ်အာရုံပြောင်းလဲမှု ဖန်တီးပေးရန် သင့်ကလေး အကြိုက်နှစ်သက်ဆုံး အရုပ်များနှင့် စာအုပ်များကို တစ်ပါးတည်း ယူဆောင်သွားပါ။

သင့် ကလေး ဆေးထိုးအပ်ကို ကြောက်သည် ဟုတ်/မဟုတ် ကြိုတင်၍ ဆေးခန်းကို အသိပေးပါ သို့မှသာ ၎င်းတို့အနေဖြင့် အချိန်လုံလုံလောက်လောက် ပေးထားနိုင်ပြီး အရင်စလို သို့မဟုတ် အတင်းအကျပ်လုပ်ရန် မလိုပါ။

COVID-19 ကာကွယ်ဆေး အစီအစဉ်ကို သင့်ဘာသာစကားဖြင့် ပိုမိုသိရှိရန် www.health.gov.au ရှိ **Department of Health and Aged Care ဝက်ဘ်ဆိုက်တွင်** ကြည့်ပါ။

နိုင်ငံလုံးဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်နှင့် COVID-19 ကာကွယ်ဆေး အကူအညီဖုန်းလိုင်း **1800 020 080** ကို ဖုန်းဆက်နိုင်သည်။ အခမဲ့ စကားပြန်ဝန်ဆောင်မှုများအတွက် နံပါတ် 8 ကိုနှိပ်ပါ။

အကယ်၍ သင်သည် နားပင်းနေလျှင် သို့မဟုတ် နားအကြား သို့မဟုတ် စကားပြော ချွတ်ယွင်းချက် ရှိလျှင် နိုင်ငံလုံးဆိုင်ရာ တစ်ဆင့်ခံ ဝန်ဆောင်မှု ဖုန်း **133 677** ကို ဖုန်းခေါ်ဆိုနိုင်သည်။